# ၂၀၂၄ ခုနှစ်အတွက် မူလတန်းကျောင်းအပ်ခြင်း



ကျောင်းစထားချိန်မှာ ကလေးများ၊ မိဘများနှင့် အုပ်ထိန်းသူများအတွက် စိတ်လှုပ်ရှားရသည့်အချိန်အခါ ဖြစ်ပါသည်။ ကျောင်းအပ်ခြင်းလုပ်ငန်းစဉ်မှာ သင့်အတွက် တတ်နိုင်သရွေ့ အလွယ်ကူဆုံးဖြစ်စေရန် ကျွန်ုပ်တို့ ကူညီလိုပါသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် *ပညာရေးနှင့်လေ့ကျင့်ရေး ပြုပြင်ပြောင်းလဲမှု အက်ဥပဒေ ၂၀၀၆ ခုနှစ် (Education and Training Reform Act 2006)* အရ သင့်ကလေးသည် သတ်မှတ်ပေးထားသည့် အိမ်နီးနားရှိ ကျောင်း (သင့် 'နယ်မြေကျောင်း') ကို တက်ရောက်နိုင်ခွင့် ရှိပါသည်။

သင့်နယ်မြေကျောင်း မဟုတ်သည့်ကျောင်းတွင် ကျောင်းအပ်ရန်လည်း လျှောက်ထားနိုင်သည်။ ဤကျောင်းသည် သင့်လျှောက်လွှာကို ကျောင်းထားခြင်းဆိုင်ရာမူဝါဒ (Placement Policy) နှင့်အညီ စဉ်းစားပါမည်။ ကျောင်းထားခြင်းဆိုင်ရာမူဝါဒကို ပိုမိုသိရှိရန် [ကျောင်းအပ်ခြင်း (Enrolling in school)](#) ဝက်ဘ်ဆိုက်တွင် ကြည့်ရှုပါ။

## အခြေခံတန်း (မူကြို) [(Foundation (Prep)] အတွက် ပြည်နယ်လုံးလိုက် အချိန်အပိုင်းအခြား အသစ်

မူလတန်းကျောင်း ပထမနှစ်ကို အခြေခံတန်း (Foundation) သို့မဟုတ် မူကြို (Prep) ဟု ခေါ်ပါသည်။ ဗစ်တိုးရီးယားပြည်နယ် အစိုးရမူလတန်းကျောင်းအားလုံးအတွက် အခြေခံတန်း ကျောင်းအပ်ရမည့် အချိန်ဇယားကို ထုတ်ပြန်ထားပါသည် (စာမျက်နှာ ၃ တွင် ကြည့်ပါ)။ ဤအချိန်ဇယားသည် ၂၀၂၄ ခုနှစ် ပညာသင်နှစ် အခြေခံတန်းအတွက် သင့်ကလေးအား ကျောင်းအပ်ရမည့်အချိန်နှင့် ကျောင်းအပ်ပုံကို နားလည်စေရန် ရည်ရွယ်ပါသည်။

## ကလေးကို မူလတန်းကျောင်း ပထမနှစ်တွင် မည်သည့်အချိန်၌ ကျောင်းအပ်ရမည်နည်း။

ကလေးသည် ကျောင်းစနေမည့်နှစ် ဧပြီလ ၃၀ ရက်နေ့တွင် အသက် ၅ နှစ် ပြည့်နေရမည်။

ကျောင်းတက်ခြင်းသည် အသက် ၆ နှစ်ပြည့်သည့် ကလေးများအတွက် မလုပ်မနေရ ဖြစ်သည်။

ဗစ်တိုးရီးယားပြည်နယ် အစိုးရ မူလတန်းကျောင်းတွင် ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် ကလေးကျောင်းအပ်ရန်လျှောက်လွှာကို ကျောင်းသို့ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

## ကလေးအား မူလတန်းကျောင်း ပထမနှစ်အတွက် မည်သို့ ကျောင်းအပ်ရမည်နည်း။

မူလတန်းကျောင်း ပထမနှစ်အတွက် ကျောင်းအပ်ရန် အောက်ပါအဆင့်များကို လိုက်လုပ်ပါ-

1. ကျောင်းရှာရန် (Find my School) ဝက်ဘ်ဆိုက်မှ သင့်နယ်မြေကျောင်းကို ရှာပါ (အောက်တွင် ကြည့်ပါ)။
2. ကျောင်းလေ့လာရေး စီစဉ်ရန် သို့မဟုတ် ကျောင်းအကြောင်းနှင့် ကျောင်းအပ်ပုံကို သိရှိရန်အတွက် အစိုးရမူလတန်းကျောင်းကို ဆက်သွယ်ပါ။
3. [Enrolling in Foundation (Prep)](#) ဝက်ဘ်ဆိုက် (၂၀၂၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှ စတင်ရနိုင်ပါသည်) မှ အခြေခံတန်း (မူကြို) ကျောင်းအပ်ခြင်းအကြောင်းကို ဒေါင်းလုဒ် ဆွဲယူပါ။
4. အခြေခံတန်း ကျောင်းအပ်လျှောက်လွှာကို **၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက် သောကြာနေ့ မတိုင်မီ**တင်သွင်းပါ။
5. သင့်လျှောက်လွှာ၏ အဖြေကို သင့်အား **၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ ရက် သောကြာနေ့ နောက်ဆုံးထား၍** အကြောင်းကြားပေးပါမည်။ အကယ်၍ ကျောင်းမှလက်ခံကြောင်း အကြောင်းကြားပါက **၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ နောက်ဆုံးထား၍** လက်ခံရမည်။

6. **၂၀၂၃ ခုနှစ် ပညာသင်နှစ်နောက်ဆုံး သုံးလတွင်** ပြုလုပ်မည့် ကျောင်းအပ်ခြင်းအကြောင်းနှင့် အကူးအပြောင်းကာလ ဆွေးနွေးပွဲများကို တက်ရောက်ပါ။
7. သင့်ကလေးသည် အခြေခံတန်းကို **၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် အင်္ဂါနေ့မှစ၍** တက်ရောက်ရပါမည်။

## နယ်မြေကျောင်းကို မည်သို့ရှာရမည်နည်း။

ကျောင်းရှာရန် (Find my School) ဝက်ဘ်ဆိုက်မှ သင့်နယ်မြေကျောင်းကို အောက်ပါအဆင့်များသုံး၍ ရှာပါ-

1. သင့်အင်တာနက်တွင် findmyschool.vic.gov.auကို ရိုက်ထည့်ပါ။
2. သင့် အမြဲတမ်း နေထိုင်သည့်လိပ်စာကို 'Enter your address to get started' အောက်တွင် ရိုက်ထည့်ပါ။
3. 'Enrolment year' အောက်တွင် ၂၀၂၄ (2024) ကို ရွေးပါ။ **မှတ်ချက်-**၂၀၂၄ ခုနှစ် ကျောင်းသတ်မှတ်နယ်မြေများကို ၂၀၂၃ စာသင်နှစ် ပထမသုံးလပိုင်းတွင် ရရှိနိုင်သည်။
4. 'School type' အောက်တွင် မူလတန်းကျောင်း (Primary)ကို ရွေးပါ။

ထို့နောက် မြေပုံသည် သင့်လိပ်စာ၊ သင့် နယ်မြေကျောင်းကို ပြသပြီး၊ လက်ဝဲဘက်အခြမ်းတွင် ကျောင်းဆက်သွယ်ရန် အသေးစိတ်အချက်များ ပြသပါမည်။ အောက်ကို ဆွဲကြည့်လျှင် သင့်အိမ်နှင့်အနီးဆုံး ကျောင်းငါးကျောင်းကိုလည်း ပြသပါမည်။

သင် 'Search for school' အောက်တွင် ကျောင်းအမည်သုံး၍လည်း ရှာနိုင်ပါသည်။

## နယ်မြေကျောင်း <u>မဟုတ်သော</u> အစိုးရမူလတန်းကျောင်းတွင် ကျောင်းထားနိုင်ပါသလား။

ထားနိုင်ပါသည်၊ သင့်နယ်မြေကျောင်းမဟုတ်သည့် ကျောင်းများတွင် သင် လျှောက်ထားနိုင်ပါသည်။ ဤကျောင်းသည် သင့်လျှောက်လွှာကို ကျောင်းထားခြင်းဆိုင်ရာမူဝါဒနှင့် လစ်လပ်နေရာရနိုင်မှုအရ စဉ်းစားပါမည်။လျှောက်လွှာများကို မည်သို့ဦးစားပေးစဉ်းစားခြင်းအကြောင်းကို Enrolling in school ဝက်ဘ်စာမျက်နှာတွင် တွေ့နိုင်ပါသည်။

## အကယ်၍ ကျောင်းအပ်လျှောက်လွှာ မအောင်မြင်ပါဟု အကြောင်းစာရရှိပါက ဘာဖြစ်မည်နည်း။

သင့်ကလေးကို အခြားကျောင်းတစ်ကျောင်းတွင် ကျောင်းထားရန် လျှောက်သင့်သည်။ သင့်ကလေးကို နယ်မြေကျောင်းတွင် ကျောင်းတက်ခွင့်ကို အာမခံပါသည်။ သင့်ကလေး၏ နယ်မြေကျောင်းသည် အမြဲတမ်းနေထိုင်သည့် လိပ်စာကို အခြေခံ၍ ဆုံးဖြတ်ပါသည်။ သင့်ကလေး၏ နယ်မြေကျောင်းကို ရှာဖွေရန် Find my Schoolတွင်ကြည့်ပါ။ Enrolling in school ဝက်ဘ်စာမျက်နှာတွင် သင့်ကလေး၏ နေရပ်လိပ်စာကို ကျောင်းအပ်ရန် အတည်ပြုပေးနိုင်သည်။

ဤဆုံးဖြတ်ချက်ကို အသနားခံစာ တင်နိုင်ပါသည်။ Enrolling in Foundation (Prep) ဝက်ဘ်စာမျက်နှာတွင် ကျောင်းအပ်လျှောက်လွှာအဖြေအား အသနားခံစာတင်ရန်နှင့်ပတ်သက်၍ အကြောင်းအချက်အလက်များ ရှိပါသည်။

## အကယ်၍ ကျောင်းအပ်သည့် အချိန်ကာလကျော်သွားပါက ဘာဖြစ်မည်နည်း။

သင့်အနေဖြင့် သင့်ကလေးအား ၂၀၂၄ ခုနှစ် ကျောင်းပညာသင်နှစ် အခြေခံတန်းကို ၂၀၂၃ ခုနှစ် ပညာသင်နှစ် ဒုတိယသုံးလအတွင်း အချိန်မရွေး ကျောင်းအပ်ရန် လျှောက်ထားနိုင်သည်။

ကျောင်းအပ်လျှောက်လွှာများကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက် သောကြာနေ့ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်သော်လည်း ကျောင်းအပ်ချိန်ကာလ ကျော်လွန်သွားသော၊ အမြဲတမ်းနေထိုင်သည့် လိပ်စာ ပြောင်းလွှဲသွားသော သို့မဟုတ် ဗစ်တိုးရီးယားပြည်နယ်သို့ လတ်တလောရောက်လာသော မိသားစုများထံမှ လျှောက်လွှာများကို ဤကန့်သတ်ကာလနောက်ပိုင်းတွင် လက်ခံပေးပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက် နောက်ပိုင်း တင်သွင်းသည့် လျှောက်လွှာများကို ကျောင်းအနေဖြင့် ဌာန၏ ကျောင်းထားခြင်းဆိုင်ရာ မူဝါဒနှင့်အညီ လျှောက်လွှာလက်ခံရရှိသည့်အခါ စိစစ်မည်ဖြစ်ပါသည်။

## မူလတန်းကျောင်းတွင် ကျောင်းအပ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ် အကြောင်းအချက်အလက်များကို မည်သည့်နေရာမှ ရရှိနိုင်ပါသလဲ။

အခြေခံတန်း ကျောင်းအပ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ် အကြောင်းအချက်အလက်ကို သင်၏ နယ်မြေမူလတန်းကျောင်းကို မေးမြန်းနိုင်ပါသည်။

၂၀၂၃ ခုနှစ် ပညာသင်နှစ် ဒုတိယသုံးလ အစပိုင်းတွင် အခြေခံအတန်း ကျောင်းအပ်ခြင်းအကြောင်းအချက်အလက် စာတွဲကို Enrolling in Foundation (Prep) စာမျက်နှာတွင်လည်း တွေ့ရှိနိုင်ပါသည်။

အကယ်၍ သတင်းအချက်အလက် စာတွဲကို ဘာသာပြန်ပေးရန် အကူအညီ လိုအပ်ပါက သင့်နယ်မြေ မူလတန်းကျောင်းနှင့် ဆွေးနွေးပါ။

## အကူအညီအတွက် မည်သူနှင့် ဆက်သွယ်ရမည်နည်း။

သင် လျှောက်ထားလိုသည့် မူလတန်းကျောင်းမှ ကူးပြောင်းရေး ညှိနှိုင်းအရာရှိ၊ ကျောင်းလက်ခံမည့် တာဝန်ခံ သို့မဟုတ် ကျောင်းအုပ်ကြီးသည် ကျောင်းအပ်ခြင်းအကြောင်းနှင့် ပတ်သက်သောမေးခွန်းများကို ဖြေကြားပေးနိုင်ပါသည်။

## အသုံးဝင်သော အဆက်အသွယ်များ

၂၀၂၄ ခုနှစ်တွင် သင့်ကလေး မူလတန်းကျောင်း စတက်သည့်အလျှောက် သင့်အတွက် အထောက်အကူပြုနိုင်မည့် အသုံးဝင်သော အဆက်အသွယ်များ အောက်တွင် ရှိပါသည်-

ကျောင်းရှာရန် – findmyschool.vic.gov.au

ကျောင်းသတ်မှတ်နယ်မြေများနှင့်ပတ်သက်သည့် အကြောင်း –vic.gov.au/school-zones

အခြေခံအတန်း ကျောင်းအပ်ခြင်း– vic.gov.au/enrolling-foundation-prep

ကျောင်းအပ်ခြင်း – vic.gov.au/how-choose-school-and-enrol

မသန်စွမ်းသူနှင့် လူတိုင်းပညာသင်ကြားနိုင်သည့် ပညာရေး – vic.gov.au/disability-and-inclusive-education

ဒေသခံ ရုံး အဆက်အသွယ်များ– vic.gov.au/office-locations-department-education-and-training

# ၂၀၂၃-၂၄ ခုနှစ်အတွက် အချိန်အပိုင်းအခြား

| ၂၀၂၃ ခုနှစ် ရက်စွဲများ | လုပ်စရာ |
|---|---|
| **ပညာသင်နှစ် ဒုတိယသုံးလ- ၂၀၂၃ ခုနှစ် ဧပြီလ ၂၄ ရက် တနင်္လာနေ့ – ၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက် သောကြာနေ့** | |
| **ပညာသင်နှစ် ပထမနှင့် ဒုတိယ သုံးလ ၊ ၂၀၂၃ ခုနှစ်** | မူလတန်းကျောင်းများသည် ၂၀၂၄ ခုနှစ်အတွက် ကလေး အခြေခံအတန်း (မူကြို) ကျောင်းအပ်လိုသော မိသားစုများအတွက် ကျောင်းလေ့လာရေးများ၊ အကြောင်းအချက်အလက် ဆွေးနွေးပွဲများနှင့် အခြားလုပ်စရာများကို စီစဉ်ပေးပါသည်။ |
| **၂၀၂၃ ပညာသင်နှစ်  ဒုတိယသုံးလ အစမတိုင်မီ** | ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသတ်မှတ်နယ်မြေများကို findmyschool.vic.gov.au ဝက်ဘ်ဆိုက်တွင် စတင်ရနိုင်ပါသည်။<br>မိဘများ/အုပ်ထိန်းသူများသည် ၂၀၂၄ ခုနှစ်အတွက် သတ်မှတ်ပေးထားသည့် အိမ်အနီးအနား ကျောင်းရှာရန်  findmyschool.vic.gov.au တွင်ကြည့်ရှုသင့်သည်။<br>မိဘများ/အုပ်ထိန်းသူများအတွက် ကျောင်းအပ်ခြင်း အကြောင်းအချက်အလက် စာတွဲကို Enrolling in Foundation (Prep)တွင် ဒေါင်းလုဒ်ဆွဲ၍ ရရှိနိုင်ပါသည်။ |
| **၂၀၂၃ ပညာသင်နှစ် ဒုတိယ သုံးလ၏ ပထမပတ် ၁မှ စ၍** | မူလတန်းကျောင်းများသည် ကျောင်းအပ်မည့် မိသားစုများနှင့် ကျောင်းအသိုင်းအဝိုင်းသို့ ကျောင်းအပ်ခြင်း အကြောင်းအချက်အလက်စာတွဲကို ဖြန့်ဝေပေးနိုင်ပါသည်။ |
| **၂၀၂၃ ပညာသင်နှစ် ဒုတိယ သုံးလ၏ ပထမပတ် ၁မှ စ၍** | **ကျောင်းအပ်လျှောက်လွှာများကို လက်ခံမည်** – မိဘများ/အုပ်ထိန်းသူများသည် ဤနေ့ရက်မှစ၍ အစိုးရ မူလတန်းကျောင်းသို့ မိမိတို့၏ ဖြည့်ပြီးသား ကျောင်းအပ်လျှောက်လွှာကို တင်သွင်းနိုင်သည်။ |
| **ပညာသင်နှစ် တတိယသုံးလ- ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၀ ရက် တနင်္လာနေ့ – ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက် သောကြာနေ့** | |
| **၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက် သောကြာနေ့ နောက်ဆုံးထား၍** | **ကျောင်းအပ်လျှောက်လွှာများကို နောက်ဆုံး တင်သွင်းရမည်** – မိဘများ/အုပ်ထိန်းသူများသည် ဤနေ့ရက် နောက်ဆုံးထား၍ အစိုးရ မူလတန်းကျောင်းသို့ မိမိတို့၏ ဖြည့်စွက်ပြီးသား ကျောင်းအပ်လျှောက်လွှာကို တင်သွင်းပါ။ |
| **၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ ရက် သောကြာနေ့ နောက်ဆုံးထား၍** | မူလတန်းကျောင်းများသည် မိဘများ/အုပ်ထိန်းသူများအား အခြေခံအတန်း (မူကြို) ကျောင်းလျှောက်ထားသည့်အဖြေကို ဌာန၏ ကျောင်းထားခြင်းဆိုင်ရာ မူဝါဒ (Placement Policy) အရ 'ကျောင်းထားခြင်း ဦးစားပေး အစီအစဉ်' အတိုင်း စာဖြင့် အကြောင်းကြားပေးမည်။ အဆိုပါစာမှာ ကျောင်းအပ်ခြင်းကို အတည်ပြုစာ၊ ကျောင်းအပ်နှံရန် ကမ်းလှမ်းစာ သို့မဟုတ် ကျောင်းအပ် လျှောက်လွှာမအောင်မြင်သည့်စာ ဖြစ်နိုင်သည်။<br>ကျောင်းအပ်လျှောက်လွှာ မအောင်မြင်သည့်စာ ရရှိသည့် မိဘများ/အုပ်ထိန်းသူများသည် အသနားခံစာကို ၎င်းတို့ နှစ်သက်ရာမူလတန်းကျောင်းသို့ စာဖြင့်လျှောက်ထားနိုင်သည်။ |
| **၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၅ ရက် သောကြာနေ့ နောက်ဆုံးထား၍** | ကျောင်းအပ်ရန် ကမ်းလှမ်းစာ လက်ခံရရှိသည့် မိဘများ/အုပ်ထိန်းသူများသည် ဤနေ့ရက်နောက်ဆုံးထား၍ ဤကမ်းလှမ်းလွှာကို လက်ခံကြောင်း အကြောင်းကြားရမည်။ |

| | |
|---|---|
| **၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၅ ရက် သောကြာနေ့ နောက်ဆုံးထား၍** | မိဘများ/အုပ်ထိန်းသူများမှ ၎င်းတို့နှစ်သက်ရာမူလတန်းကျောင်းသို့ ကျောင်းအပ်လျှောက်လွှာ မအောင်မြင်ကြောင်းအတွက် အသနားခံစာကို စာဖြင့် တင်သွင်းရန် **နောက်ဆုံးရက်။** |
| **၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက် သောကြာနေ့** | မူလတန်းကျောင်းများသည် မိဘများ/အုပ်ထိန်းသူများသို့ ၎င်းတို့၏ အသနားခံစာ၏အဖြေကို ဤနေ့ရက်နောက်ဆုံးထား၍ အကြောင်းကြားပါမည်။ |
| **ပညာသင်နှစ် စတုတ္ထ သုံးလ- ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂ ရက် တနင်္လာနေ့ – ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် ဗုဒ္ဓဟူးနေ့** | |
| **၂၀၂၃ ပညာသင်နှစ် စတုတ္ထ သုံးလအတွင်း** | မူလတန်းကျောင်းများသည် အကူးအပြောင်းအချိန်များကို စီစဉ်ပေးမည်။ |
| **၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက် သောကြာနေ့** | မိဘများ/အုပ်ထိန်းသူများအတွက် ၎င်းတို့ နှစ်သက်ရာ မူလတန်းကျောင်းသို့ အသနားခံစာ တင်သွင်းမှု မအောင်မြင်၍ သက်ဆိုင်ရာ ဒေသညွှန်ကြားရေးမှူးထံ အသနားခံစာ တင်သွင်းရန် **နောက်ဆုံးရက်။** |
| **၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက် သောကြာနေ့** | ဒေသဆိုင်ရာရုံးများသည် မိဘ/အုပ်ထိန်းသူအားလုံးအား ဒေသညွှန်ကြားရေးမှူးထံ တင်သွင်းသည့် အသနားခံစာ အဖြေကို ဤနေ့ရက် နောက်ဆုံးထား၍ စာဖြင့် အကြောင်းကြားပေးသည်။ ဤသို့အကြောင်းကြားပေးသည်မှာ အသနားခံစာကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ သောကြာနေ့ ပိတ်သိမ်းသည့်နောက်ဆုံးရက် မတိုင်မီ လက်ခံရရှိမှသာ အကြောင်းကြားပေးသည်။ |